http://www.dhammadownload.com

## ပဋ္ဌာန်းရည်မှန် ဤကျမ်းစာအုပ်သည်

- ★ ပထမကြီးတန်းဆိုင်ရာ ပစ္စယနိဒ္ဒေသ ပဋ္ဌာန်းတော်, ပဋိစ္စပဋ္ဌာန်းပါဠိတော်, ပဥှာဝါရ ပဋ္ဌာန်းပါဠိတော် အရကောက်များဖြင့်လည်းကောင်း။
- ★ ပဋ္ဌာန်းအဓိပ္ပါယ်ဆိုင်ရာ ကဏ္ဍတို့ကို ပါဠိတော်+အဋ္ဌကထာ+ဋီကာ-အနုဋီကာ+ မဓုဋီကာ-များနှင့်အညီ တန်ဆာဆင်ထားပါသည်။
- ★ ခေတ်အတွေး၊ ခေတ်အမြင်တို့ဖြင့် ကျယ်ပြန့်နက်ရှိုင်းလှသော ပဋ္ဌာန်းကျမ်းကြီးမှ ထိမိတိကျလှသော စကားလုံးများဖြင့် အဆီ၊ အနှစ်ထုတ်ထားပါသည်။
- ★ ပဋ္ဌာန်းဘာသာရပ်ကို "သင့်အတွက်ကြောက်စရာမလို" ဤ ပဋ္ဌာန်းရည်မှန်ကျမ်းစာက ဖြေရှင်းပေးပါလိမ့်မည်။

လိုတိုင်းတ၍ တတိုင်းပြည့်ဝကြပါစေ။

လယ်တွင်း-အရှင်တေဇပါလ

ပဋ္ဌာန်းရည်မှန် ● လယ်တွင်းအရှင်တေဇပါလ

"ဗုဒ္ဓတန်ခိုးဖြင့် ချမ်းသာကြပါစေ"

"အနှိုင်းမဲ့ထေရဝါဒ" ဗုဒ္ဓသာသနာတော်မြတ်ကြီး နေ-လ ပမာ ထွန်းတောက်ပါစေသတည်း"

**နိုင်ငံတော်အစိုးရ ပါဠိ ပထမပြန် စာမေးပွဲ**

**ပထမကြီး**

**ပဋ္ဌာန်းဘာသာအတွက်**

အထူးထုတ်

# ပဋ္ဌာန်းရည်မှန်

လယ်တွင်း-အရှင်တေဇပါလ
ဖားလင်းပိုးပရိယတ္တိစာသင်တိုက်၊ စဉ့်ကိုင်မြို့
စီစဉ်ရေးသားတင်ပြသည်။

သာသနာ - ၂၅၅၁ - ကောဇာ - ၁၃၆၉ ခရစ် - ၂၀၀၇

http://www.dhammadownload.com

၂၀၀၀

"ဗုဒ္ဓတန်ခိုးဖြင့် ချမ်းသာကြပါစေ"

"အနိုင်းမဲ့ထေရဝါဒ" ဗုဒ္ဓသာသနာတော်မြတ်ကြီး နေ-လ ပမာ ထွန်းတောက်ပါစေသတည်း"

နိုင်ငံတော်အစိုးရ ပါဠိ ပထမပြန် စာမေးပွဲ

ပထမကြီး

ပဋ္ဌာန်းဘာသာအတွက်

အထူးထုတ်

# ပဋ္ဌာန်းရည်မွန်

လယ်တွင်း-အရှင်တေဇပလ
ဖားလင်းပိုးပရိယတ္တိစာသင်တိုက်၊ စဉ့်ကိုင်မြို့
စီစဉ်ရေးသားတင်ပြသည်။

သာသနာ - ၂၅၅၁ - ကောဇာ - ၁၃၆၉ ခရစ် - ၂၀၀၇

http://www.dhammadownload.com

"ဗုဒ္ဓတန်ခိုးဖြင့် ချမ်းသာကြပါစေ"

"အနှိုင်းမဲ့ထေရဝါဒ" ဗုဒ္ဓသာသနာတော်မြတ်ကြီး နေ-လ ပမာ ထွန်းတောက်ပါစေသတည်း"

နိုင်ငံတော်အစိုးရ ပါဠိ ပထမပြန် စာမေးပွဲ

ပထမကြီး

ပဋ္ဌာန်းဘာသာအတွက်

အထူးထုတ်

# ပဋ္ဌာန်းရည်မွန်

လယ်တွင်း-အရှင်တေဇပလ
ဖားလင်းပိုးပရိယတ္တိစာသင်တိုက်၊ စဉ့်ကိုင်မြို့
စီစဉ်ရေးသားတင်ပြသည်။

သာသနာ - ၂၅၅၁ - ကောဇာ - ၁၃၆၉ ခရစ် - ၂၀၀၇

http://www.dhammadownload.com

# ပဋ္ဌာန်းရည်မွန် ဤကျမ်းစာအုပ်သည်

★ ပထမကြီးတန်းဆိုင်ရာ ပစ္စယနိဒ္ဒေသ ပဋ္ဌာန်းတော်, ပဋိစ္စပဋ္ဌာန်းပါဠိတော်, ပဉ္စာဝါရ ပဋ္ဌာန်းပါဠိတော် အရကောက်များဖြင့်လည်းကောင်း။

★ ပဋ္ဌာန်းအဓိပ္ပါယ်ဆိုင်ရာ ကဏ္ဍာတို့ကို ပါဠိတော်+အဋ္ဌကထာ+ဋီကာ-အနုဋီကာ+ မဓုဋီကာ-များနှင့်အညီ တန်ဆာဆင်ထားပါသည်။

★ ခေတ်အတွေး၊ ခေတ်အမြင်တို့ဖြင့် ကျယ်ပြန့်နက်ရှိုင်းလှသော ပဋ္ဌာန်းကျမ်းကြီးမှ ထိမိတိကျလှသော စကားလုံးများဖြင့် အဆီ၊ အနှစ်ထုတ်ထားပါသည်။

★ ပဋ္ဌာန်းဘာသာရပ်ကို "သင့်အတွက်ကြောက်စရာမလို" ဤ ပဋ္ဌာန်းရည်မွန်ကျမ်းစာက ဖြေရှင်းပေးပါလိမ့်မည်။

လိုတိုင်းတ၍ တတိုင်းပြည့်ဝကြပါစေ။

လယ်တွင်း-အရှင်တေဇပလ

http://www.dhammadownload.com

နိုင်ငံတော်အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမကြီးတန်း**

**ပဋ္ဌာန်းဘာသာ** အတွက်၊

**အထူးထုတ်**

# ပဋ္ဌာန်းရည်မွန်

**လယ်တွင်း - အရှင်တေဇမလ**

ဖားလင့်ပိုး ပရိယတ္တိစာသင်တိုက်၊ စဥ့်ကိုင်မြို့။

သာသနာ- ၂၅၄၉ ကောဇာ-၁၃၆၇ ခရစ်- ၂၀၀၅

http://www.dhammadownload.com

# ဓမ္မဒါန အလှူတော်ကြီး

ကွယ်လွန်သူ ဖခင်ကြီး ဦးညိုအေး နှင့် (သား) ကိုသန့်ဇင်

တို့အား ရည်စူး၍

မိခင်ကြီး ''ဒေါ်ကြည်ရင်'' နှင့်

သားသမီးများ ''မေတ္တာရွှေဆိုင်''

မိသားစု မန်းမြို့ဈေး

မန္တလေးမြို့

နှတ်လှူသာဓုခေါ်စေသော် ...

http://www.dhammadownload.com

# ကျေးဇူးဆပ် မှတ်တမ်း

ဤပဋ္ဌာန်းရည်မွန် ကျမ်းစာဖြင့် စာရေးသူကို မွေးဖွားပေးကြသော စဉ့်ကိုင်မြို့နယ် ပုဏ္ဏားရွာ (ခမည်းတော် ဦးထွန်းစိန် + မယ်တော် ဒေါ်တုပ်) သာသနာ့အမွေ ပညာရပ်များ ပေးကြသော မန္တလေး မြတောင်တိုက်၊ ရွှေဝါဝင်းကျောင်း ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ မန္တလေးတိုင်း သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ သာသနာဘိဝံသ။ စဉ့်ကိုင်မြို့ ဖားလင်ပိုး ပရိယတ္တိစာသင်တိုက် ပဓာနနာယက၊ အဂ္ဂ မဟာဂန္ထဝါစကပဏ္ဍိတ၊ စဉ့်ကိုင်မြို့နယ် သံဃနာယက ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တ ပညာဗလနှင့် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဝေပုလ္လ (မူလဓမ္မာစရိယ)၊ မြတောင်တိုက် နာယက စာချဆရာတော်များ၊ မစိုးရိမ် နာယက စာချဆရာတော်များ၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် နာယက စာချဆရာတော်များ၊ ဘေးမဲ့ကျောင်းတိုက် နာယက စာချဆရာတော်များ၊ မိုးကောင်းကျောင်းတိုက် နာယက စာချဆရာတော်များ၊ မန္တလေး ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဩဝါဒါစရိယ ဗန်းမော်ကျောင်းတိုက် ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ သီရောမဏိ ဝံသကာ ဒေါက်တာ သဒ္ဒန္တကုမာရာဘိဝံသ၊ အောင်မြေရွှေဘုံတိုက် ဆရာတော် ဘဒ္ဒန္တ သုဇနပဏ္ဍိတ၊ မန္တလေးမြို့ ဗုဒ္ဓတက္ကသိုလ်ကျောင်းအုပ် (မဟာဝိဇ္ဇာ - လန်ဒန်) မဟာသဒ္ဓမ္မ ဇောတိကဓဇ၊ ဆရာကြီး ဦးမြင့်ဆွေ၊ စဉ့်ကိုင်မြို့၊ ရန်နိုင်ရပ်၊ ရွှေကျီးနားကျောင်းတိုက်၊ ပဓာန နာယက၊ မဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ၊ စဉ့်ကိုင်မြို့နယ် သံဃနာယက အကျိုးတော် ဆောင်ချုပ် ဆရာတော် ဘဒ္ဒန္တ ဧပုလ္လ၊ သပြေရိုးရွာ၊ သရက်တောကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဝဏ္ဏိတ။ စဉ့်ကိုင်မြို့ တရုတ်စုရပ် ရဟန်းအမကြီး မယ်တော် ဒေါ်မမလေး၊ ရဟန်းဒါယကာ - ဦးသာထူး + ရဟန်းအမ ဒေါ်ကျော့၊ စစ်ကိုင်းတောင် "ပီတိသုခချောင်" ဆရာကြီး ဒေါ်စန္ဒာသီရိ (ဓမ္မာစရိယ)၊ ဆရာဒေါ်ဂုဏေသီ၊ ဒေါ်ယုဝတီ။ စဉ့်ကိုင်မြို့နယ် ညှော်ဗျရွာ ကိုကျော်ဝင်း+မရွှေ။ မန္တလေးမြို့၊ ရဲမွန်တောင်ရပ် ကိုစိန်မြင့် + မသန်းသန်းထွေး။ အင်းဝ ညောင်ရမ်း မိသားစု ဆွေတော်

http://www.dhammadownload.com

မျိုးတော် အပေါင်းတို့အားရင်း၊ မန္တလေးမြို့ မာန်အောင်ကျောင်းတိုက်၊ သာသနောဒယ သီလရှင်စာသင်တိုက်၊ ဆရာကြီးမယ်တော် ဒေါ်ထေရီ (သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ) ။ ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်း ဒေါ်ညွန့်ညွန့် (တိုင်းရင်းမေ)၊ မန္တလေးမြို့၊ မန်းမြို့ဈေး "မေတ္တာရွှေဆိုင်" မိသားစုတို့သည်လည်းကောင်း ကျေးဇူးဆပ်ပြီး၊ ဆရာသွားများအား ပူဇော်အပ်ပါသည်။ ကွန်ပျူတာနှင့် ပဌာန်းရည်မွှန် စာအုပ်ဖြစ်ပေါ်လာအောင် အစဆုံး ကူညီပေးသော ဦးကောဝိဒ ပါရဂူ (ရွှေသော့ချက်နည်းပြ)အား အထူးကျေးဇူးတင် မှတ်တမ်းတင်အပ်ပါသည်။

**ထယ်ထွင်း – အရှင်တေဇေဓ**

(လယ်ထွင်းခရိုင် - စဉ့်ကိုင်)

http://www.dhammadownload.com

## ဓမ္မဒါနအလှူတော်

ရည်မှန်း ။ မြတ်ဗုဒ္ဓ၏ သာသနာတော် တည်တံ့ပြန့်ပွားစေရန်နှင့် အထောက်အပံ့ဖြစ်စေရန် ရည်မှန်း၍ လှူဒါန်းပါ၏။

ရည်စူး ။ ၁၃၅၅-ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့တွင် ကွယ်လွန်သူ ဦးညိုအေးနှင့် ၁၃၆၄-ခုနှစ်၊ တန်ခူးလပြည့်ကျော်(၇)ရက်နေ့ ကွယ်လွန်သူ ကိုသန့်ဇင်တို့အား ရည်စူး၍ ဒေါ်ကြည်ရင် (မေတ္တာရွှေဆိုင်၊ မန္တလေး) မိသားစုမှ လှူဒါန်းပါ၏။

ဆုတောင်း။ ဤကောင်းမှုကြောင့် တပည့်တော်, တပည့်တော်မတို့သည် မှန်ကန်သော အကျင့်တို့ဖြင့် နိဗ္ဗာန်သို့ လျင်မြန်စွာရောက်ရပါလို၏။ နိဗ္ဗာန်သို့မရောက်ခင် ကြားကာလ၌ တပည့်တော်, တပည့်တော်မတို့သည် -

- ဗုဒ္ဓဝေယျာဝစ္စ၊ ဓမ္မဝေယျာဝစ္စ၊ သံဃဝေယျာဝစ္စ အစုစုတို့ကို ကိုယ်ရော စိတ်ပါ တူယှဉ်တွဲလျက် ဆထက်ထမ်းပိုး ထမ်းဆောင်နိုင်ရပါလို၏။

- သာသနာတော် သုံးရပ်ဖြစ်သော ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာတော် တည်တံ့ရေးနှင့် ထွန်းကားပြန့်ပွားရေးတို့အတွက် လိုအပ်သော ကောင်းမှုအစုစုတို့ကို လည်း ပြုလုပ်လှူဒါန်းနိုင်ရပါလို၏။

- ဘဝခန္ဓာစွန့်ခွာချိန်၌လည်း သတိတရား လက်ကိုင်ထားလျက် ဝိပဿနာတရား ရှုမှတ်ပွားရင်း တစ်ဘဝ, တစ်ခန္ဓာကို အစွဲအလမ်းကင်းမဲ့စွာ အပူအပင်ကင်းမဲ့စွာဖြင့်စွန့်ခွာနိုင်ရပါလို၏။

"ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု"

---

### ဤကျမ်းစာ ဓမ္မဒါနကုသိုလ်ဖြင့်

ကွယ်လွန်သူ ဖခင်ကြီး ဦးညိုအေး နှင့် (သား) ကိုသန့်ဇင်တို့အား ရည်စူး၍
မိခင်ကြီး ဒေါ်ကြည်ရင် နှင့် သားသမီးများ
"မေတ္တာရွှေဆိုင်" မိသားစု၊ မန်းမြို့ဈေး၊ မန္တလေးမြို့ တို့၏ ကောင်းမှု
နိဗ္ဗာန်ဆု၊ နတ်လူ သာစု ခေါ်စေသော်။

http://www.dhammadownload.com

# ပဋ္ဌာန်းရည်မွှန်ကျမ်း ၏

## မာတိကာ


၁။ ပစ္စယနိဒ္ဒေသ ............
(ပါဠိတော် - အရကောက်)

၂။ ပဋိစ္စဝါရ ............
(ပါဠိတော် - အရကောက်)

၃။ ပဥှာဝါရ ............
(ပါဠိတော် - အရကောက်)

၄။ ပဋ္ဌာန်းအနုဂဏ္ဍိ ............
(ပါဠိတော် - အရကောက်)

၆။ မှီငြမ်းထားသော ကျမ်းများ နှင့် ............
ဆရာတော်များ

http://www.dhammadownload.com

# နိဒါန်း

"ကျမ်းကြီးပဋ္ဌာန်း ကျမ်းငယ်ဆန်း၊ ကျမ်းလတ် ဓာတုကထာ" စသည့် စကားကို စာသင်စ (၁၄)နှစ်သား သာမဏေ ဘဝက ကြားသိရပေသည်။

ရှေးသူတော်ကောင်းတို့မှ ပုတ်တမ်းတင်ခဲ့သော သာသနာဝင် ဥဒါန်းစကားသည် စာမေးပွဲသမားပီသစွာ စာမေးပွဲများ ဖြေဆိုခဲ့စဉ်က ထိုကျမ်း သုံးကျမ်းလုံးကို စဉ့်ကိုင်မြို့၊ ဖားလင်ပိုး ပရိယတ္တိစာသင်တိုက်၊ မန္တလေး မြတောင်တိုက်၊ မစိုးရိမ်ကျောင်းတိုက်၊ ဝိသုဒ္ဓါရုံတိုက်သစ်၊ ဘေးမဲ့ကျောင်းတိုက်၊ မိုးကောင်းကျောင်းတိုက် . . . စသော ပရိယတ္တိ အကျော်အမော်ဆရာတော်များ ထံတွင် သင်ယူဆည်းပူးခဲ့ပါသည်။

သဗ္ဗညုတမြတ်စွာဘုရားရှင်သည် ဤပဋ္ဌာန်းကျမ်းကြီးကို မိုရာပြု၍ ဉာဏသာဂရ ဖြစ်သော သဗ္ဗညုတ ရွှေဉာဏ်တော်ကြီး လွတ်လပ်ကျယ်ပြန့်စွာ သွားလာလွန့်လူး ကျက်စား ကွန့်မြူးတော် မူနိုင်ခြင်း ဖြစ်လေသည်။

ယင်းပဋ္ဌာန်းဒေသနာတော်မြတ်ကို နတ်တို့၏ "နာဠသောတ သိင်္ဂီ" ရွှေခွက်၌ "ဓမ္မစက်တည်း ဟူသော ခြင်္သေ့ဆီများ" ရပ်တည်နိုင်သဖြင့် မယ်တော်မိနတ်သားအား နို့ဖိုးဆပ်တရား အဖြစ် ဟောကြားတော်မူသော "အဘိဓမ္မာဒေသနာ"များ ဖြစ်သည်။

ဓမ္မသေနာပတိဉာဏ်ကြီးရှင် အရှင်သာရိပုတ္တရာမှတဆင့် တပည့်သား ရဟန်းငါးရာတို့အား တဖန်ဟောကြားပြသတော်မူသည်။ မဟာသမုဒ္ဒရာ၏ ကမ်းအစကိုသာ မြင်ရသော်လည်း "သမုဒ္ဒေါ မယာဒိဗ္ဗော" ဆိုသော ဥပမာစကားနှင့် တူညီလေသည်။ ကျယ်ဝန်းနက်ရှိုင်းသော အပိုင်းအခြား မထင်သော ဤပဋ္ဌာန်းကျမ်း၏ "အရသာ"ကို သင်ကြားပို့ချ လေ့လာကြသူတိုင်း "မြီးရုံမျှ"သာ ရှိမည်ဟု ထင်မြင်မိပါသည်။

ယခုခေတ် ပထမလတ်အောင်၊ ပထမကြီးတန်း စာသင်သားများ ပဋ္ဌာန်းစာဝါ စာသင်ခါစ အချိန်တွင် "ပဋ္ဌာန်းပါဠိတော်ရှာဖွေရမည့်ဒုက္ခ၊ ပဋ္ဌာန်းအရကောက် ရှာဖွေရမည့် ဒုက္ခများမှ ကင်းငြိမ်း

http://www.dhammadownload.com

စေရန် ရည်သန်၍ ဤ"ပဋ္ဌာန်းရည်မွန်" ကျမ်းစာအုပ်ကို "အံ့ဖွယ်ရှစ်ဖြာနှင့် ပြည့်စုံသော သဗ္ဗညုတ မြတ်စွာဘုရားရှင်၏ ပရိယတ္တိသာသနာတော်ကြီး စည်ပင်ပြန့်ပွားစေခြင်းအကျိုးငှာ ရည်သန်၍ "ကွယ်လွန်သူ ဖခင်ကြီး ဦးညိုအေး နှင့် (သား) ကိုသန့်ဇင် တို့အား ရည်စူး၍ မိခင်ကြီး ဒေါ်ကြည်ရင် နှင့် သားသမီးများ မေတ္တာရွှေဆိုင် (မန်းမြို့ဈေး) မိသားစုတို့က အရင်းမ,တည် ထောက်ပံ့လှူဒါန်း၍ ဤပဋ္ဌာန်းရည်မွန်" ကျမ်းတစ်စောင် ထွက်ပေါ်လာရပေသည်။

သို့အတွက်ကြောင့် မေတ္တာရွှေဆိုင် မိသားစုအား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်း တင်အပ်ပါသည်။

"ဗုဒ္ဓဂုဏ်တန်ခိုးဖြင့် ကျန်းမာချမ်းသာကြပါစေ"

"ဗုဒ္ဓသာသနာ နေ+လ ပမာ ထွန်းလင်းတောက်ပပါစေသတည်း"

**ထယ်တွင်း – အရှင်တေဇဓလ** (လယ်တွင်းခရိုင် - စဉ့်ကိုင်)

သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ

သံယုတ္တနိကာယဝိဒူ၊ M.A (မဟာဝိဇ္ဇာ)

(မန္တလေး ဗုဒ္ဓတက္ကသိုလ်သင်ကြားစိမံ)

ဖားလင်ပိုး ပရိယတ္တိစာသင်တိုက်၊ စဉ့်ကိုင်မြို့၊ မန္တလေးတိုင်း

http://www.dhammadownload.com

# ထုတ်ဝေသူအမှာ

အရှင်တေဇဗလ(လယ်တွင်း) ရေးသားပြုစုသော ပဋ္ဌာန်းရည်မွှန်ကျမ်းစာသည် ပထမလတ်အောင်မြင်၍၊ ပထမကြီးတန်းသို့ ရောက်လာကြကုန်သော ရဟန်းသာမဏေများ၊ သီလရှင်ဆရာများ၊ လူပုဂ္ဂိုလ်စာသင်သားများအတွက် 'ပဋ္ဌာန်းပါဠိတော်ရှာဖွေရမည့်ဒုက္ခ၊ ပဋ္ဌာန်းအရကောက်ရှာဖွေရမည့် ဒုက္ခများမှ ကင်းငြိမ်းစေရန် ရည်ရွယ်၍ ပြည်စုံစွာ ပြုစုထားသော ကျမ်းစာဖြစ်ပါသည်။ ဤအရှင်ရေးထားသော နည်းစနစ်သည် ပဋ္ဌာန်းပါဠိတော်အရကောက်၊ အဓိပ္ပါယ်ကဏ္ဍ ။ အဋ္ဌကထာ + ဋီက[illegible]ဋီကာ + မဓုဋီကာများကို စာမေးပွဲ လိုရင်းဖြစ်အောင် ခေတ်အတွေး၊ ခေတ်အမြင်တို့ဖြင့် ရေးသားထားသဖြင့် စာသင်သားများအတွက် အကျိုးများလှမည်ဟု ယူဆပါသည်။ မိမိတို့စာအုပ်တိုက်အနေဖြင့် စာမူကြမ်းမှသည် စာအုပ်အချောထွက်သည့်တိုင်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ သဗ္ဗညုတမြတ်စွာဘုရားရှင်တော်သည် မယ်တော်မိနတ်သားအား နို့ဖိုးကျေးဇူးဆပ် ဟောကြားတော်မူသော် အဘိဓမ္မာဒေသနာတော် (ပဋ္ဌာန်းရည်မွှန်ကျမ်းစာ)ဖြစ်ပါသည်။

ဤကျမ်းစာအုပ်ကို အရင်းမတည်ထောက်ပံ့လှူဒါန်းကြသော မိခင်ဒေါ်ကြည်ရင်နှင့် သားသမီးများ 'မေတ္တာရွှေဆိုင်' မန်းမြို့ဈေး၊ မန္တလေးမြို့တို့၏ အလှူဒါနအားနှင့် မိမိတို့ပြည်မြန်မာစာအုပ်တိုက်၏ လုပ်အားဒါန ပေါင်းစပ်၍ ပရိယတ္တိသာသနာတော်မြတ်ကြီး စည်ပင်ပြန့်ပွားစေခြင်းအကျိုးငှာ ရည်ရွယ်ပါသည်။

ပထမကြီးတန်း ရဟန်းသာမဏေများ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များ၏ လိုအပ်ချက်ကို အနည်းနှင့်အများ ဖြည့်စွမ်းနိုင်မည်ဟု ယုံကြည်မိပါသည်။

ဗုဒ္ဓသာသနံစိရံတိဋ္ဌတု
ပြည်မြန်မာစာအုပ်တိုက်

http://www.dhammadownload.com

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| **စာမူခွင့်ပြုချက်အမှတ်** | – | ၃၂၀၄၆၃၀၅၀၇ |
| **မျက်နှာဖုံးခွင့်ပြုချက်အမှတ်** | – | ၃၂၀၅၁၀၀၅၀၈ |
| **ထုတ်ဝေသည့်အကြိမ်** | – | ပထမအကြိမ် စက်တင်ဘာလ၊ ၂၀၀၅ခုနှစ်။ |
| **ထုတ်ဝေသူ** | – | ဦးအောင်မြတ်သူ (ခ) ဦးအောင်မြတ် (မြ-၀၃၉၇၆) **ပြည်မြန်မာစာအုပ်တိုက်**၊ အမှတ်–၁၈၈(၃/ဝဲ) ၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ **ဖုန်း–၀၁–၃၈၄၂၁၉** |
| **မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်** | – | ဦးကျော်ဋ္ဌေးမင်း(မြ-၀၅၉၉၂) **အောင်သိန်းသန်းပုံနှိပ်တိုက်** အမှတ်–၄၄၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။ |
| **ဖြန့်ချိရေး** | – | **မိဘဂုဏ်ရောင်ဝိဇ္ဇကတ်စာအုပ်ဆိုင်** ဦးလှမောင်+ဒေါ်မိမိ၊ သမီးဆွေဆွေဝင်း ဆိုင်အမှတ်(၃၆)၊ မြလေးရုံ၊ မြေညီထပ်၊ အဆင့်မြင့်ဈေးရုံသစ်ကြီး ဈေးချို–မန္တလေးမြို့။ **အိမ်ဖုန်း–၂၆၇၀၈** |
| **စာအုပ်ချုပ်** | – | **"ဝင်းပပ"** စာအုပ်ချုပ်လုပ်ငန်း အမှတ်၊ ၁၉၅–အီဒင်လမ်း (ဗိုလ်တထောင်ဈေးလမ်း) **ဖုန်း–၀၉–၅၁၂–၈၁၇၁** |
| **အုပ်ရေ** | – | ၁၀၀၀အုပ် |
| **တန်ဖိုး** | – | ၁၅၀၀ကျပ် |

http://www.dhammadownload.com

# လယ်တွင်း အရှင်တေဇဗလ၏ ထေရုပ္ပတ္တိအကျဉ်း

လယ်တွင်း အရှင်တေဇဗလသည် ၁၃၂၄ ခုနှစ်တွင် မန္တလေးတိုင်း၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ပုဏ္ဏားရွာ (ခမည်းတော် ဦးထွန်းစိန်+မယ်တော် ဒေါ်တုတ်)တို့မှ ဖွားမြင်ခဲ့သည်။ ၁၃၃၈ ခုနှစ်တွင် ဖားလင်းပိုးပရိယတ္တိစာသင်တိုက်၊ ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ စဉ့်ကိုင်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တပညာဗလဆရာတော်ထံတွင် ရှင်သာမဏေပြုခဲ့သည်။

၁၃၄၄ ခုနှစ်တွင် တရုတ်စုရပ် (ဦးသာထူး+ဒေါ်ကျော့)တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ရောက်သည်။ (ဒုတိယအကြိမ်) တရုတ်စုရပ် မယ်တော်ကြီး ဒေါ်မမလေး၊ (တတိယအကြိမ်) စစ်ကိုင်း ပီတိသုခချောင်ဆရာကြီး ဒေါ်စန္ဒသီရိ၊ (ဓမ္မစရိယ) ဒေါ်ဂုဏေသီ၊ ဒေါ်ယုဝတီ၊ (စတုတ္ထအကြိမ်) မန္တလေးမြို့ သာသနာဒယသီလရှင် စာသင်တိုက်၊ ဆရာကြီး ဒေါ်ထေရီ (မဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ)တို့၏ ပစ္စယာနုဂ္ဂဟဖြင့် သိမ်ထပ်မင်္ဂလာပြုခဲ့ပါသည်။

စဉ့်ကိုင်မြို့ ဖားလင်းပိုး ပရိယတ္တိစာသင်တိုက်နေစဉ် နိုင်ငံတော်အစိုးရ အဘိဓမ္မာစာမေးပွဲ၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း စာမေးပွဲများ အောင်မြင်သည်။

၁၃၄၇ ခုနှစ်တွင် မန္တလေးမြို့ မြတောင်တိုက်၊ ရွှေဝါကျောင်း၊ ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာပဏ္ဍိတ၊ မန္တလေးတိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တသာသနာဘိဝံသ၊ ဆရာတော်ထံ ပြောင်းရွှေ့၍ အသင်းစာမေးပွဲများ၊ အမျိုးသားစာမေးပွဲများ၊ ဓမ္မာစရိယဆိုင်ရာ ပရိယတ္တိစာပေများ ဆည်းပူးခဲ့ပါသည်။

http://www.dhammadownload.com

(က) ၁၃၆၄(၂၀၀၃)ခု သာသနဓဇဓမ္မာစရိယဘွဲ့၊
(ခ) ၁၃၅၇(၁၉၉၅)ခု ဝိနယဝိဒူဘွဲ့၊
(ဂ) ၁၃၆၂(၂၀၀၀)ခု ဒီဃနိကာယဝိဒူဘွဲ့၊
(ဃ) ၁၃၆၆(၂၀၀၄)ခု သံယုတ္တနိကာယဝိဒူဘွဲ့၊
(င) ၁၃၆၇(၂၀၀၅)ခု မဇ္ဈိမနိကာယဝိဒူဘွဲ့၊
(စ) ၁၃၅၈(၁၉၉၆)ခု ဗုဒ္ဓတက္ကသိုလ် ( P.S.E )ဒိပလိုမာဘွဲ့၊
(ဆ) ၁၃၆၀(၁၉၉၈)ခု ဗုဒ္ဓတက္ကသိုလ် B.A (ဝိဇ္ဇာ) ဘာသန္တရဆောက ဓမ္မာစရိယဘွဲ့၊
(ဇ) ၁၃၆၃(၂၀၀၁)ခု ဗုဒ္ဓတက္ကသိုလ် M.A (မဟာဝိဇ္ဇာ) ဘာသန္တရဆောက မဟာဓမ္မာစရိယဘွဲ့ များရရှိခဲ့သည်။

ယခုအခါတွင် စဉ့်ကိုင်မြို့၊ ဖားလင်းပိုးပရိယတ္တိစာသင်တိုက်တွင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့အစည်းတွင် ပြည်နယ်/တိုင်း ဝိနည်းစိုရ်တာဝန်များ။ ပထမကြီးတန်းဆိုင်ရာ စာပေများပို့ချ၊ ဗုဒ္ဓတက္ကသိုလ် (P.A.B.E) ဒီပလိုမာ သင်တန်းခွဲဌာနတွင် စစ်ကိုင်းမြို့ဌာန၊ စဉ့်ကိုင်မြို့ဌာနများ၌ သင်တန်း ဌာနမှူးဆရာအဖြစ် တာဝန်ယူပို့ချပြီး စာပေကျမ်းဂန်များ ရေးသားသာသနာပြုလျက်ရှိသည်။

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(ဆောင်) - ဆယ့်ငါးသဟ၊ ရှစ်ဝအာနှင့်။ ခုနှစ်ဖြာနန်၊ ခြောက်တန်ဝတ္ထု၊ လေးခုပစ္စာ၊ သုံးဖြာ ဟာရော၊ တယောက္ကန္တြီ၊ ဒွိ ပကတူ၊ တခုယူ ကမ်၊ မျိုးကိုးတန်ဟု၊ မှတ်ရန်အပြား။ ဝေဘန်ခြားသည်၊ ဤကား အမျိုးခွဲ လက်ာတည်း။

| | | |
|---|---|---|
| ၁။ | သဟဇာတမျိုး | ၁၅-ပစ္စည်း |
| ၂။ | အာရမ္မဏမျိုး | ၈-ပစ္စည်း |
| ၃။ | အနန္တရမျိုး | ၇-ပစ္စည်း |
| ၄။ | ဝတ္ထုပုရေဇာတမျိုး | ၆-ပစ္စည်း |
| ၅။ | ပစ္ဆာဇာတမျိုး | ၄-ပစ္စည်း |
| ၆။ | ရုပ်အာဟာရမျိုး | ၃-ပစ္စည်း |
| ၇။ | ရူပဇီဝိတိန္ဒြိယမျိုး | ၃-ပစ္စည်း |
| ၈။ | ပကတူပမျိုး | ၂-ပစ္စည်း |
| ၉။ | ဗလဝဒုဗ္ဗလနာနာက္ခဏိက ကမ္မမျိုး | ၁-ပစ္စည်း |

မှတ်ချက်။ ။ နာနာက္ခဏိက ကမ္မမျိုးကိုပကတူပမျိုး၌ ထည့်လျှင် ရှစ်မျိုးဖြစ်ပါသည်။

## သဟဇာတမျိုး (၁၅) ပစ္စည်း သရုပ်

| | |
|---|---|
| သဟဇာတအကြီး | ၄-ပစ္စည်း |
| သဟဇာတအလတ် | ၄-ပစ္စည်း |
| သဟဇာတအငယ် | ၇-ပစ္စည်း |

ပေါင်း (၁၅) ပစ္စည်းဖြစ်ပါသည်။

## သဟဇာတအကြီး (၄)ပစ္စည်း

| | |
|---|---|
| ၁။ သဟဇာတ | ၂။ သဟဇာတနိဿယ၊ |
| ၃။ သဟဇာတတ္ထိ | ၄။ သဟဇာတ အဝိဂတ |

ပေါင်း (၄) ပစ္စည်းဖြစ်ပါသည်။

(ဆောင်) - သ၊ နိ၊ ထိ၊ ဂတ၊ ဤလေးဝ မှတ်ကြ သဟဇာတကြီး

http://www.dhammadownload.com

## သဟဇာတလတ် (၄)ပစ္စည်း

၁။ အညမည

၂။ ဝိပါက

၃။ သမ္ပယုတ္တ

၄။ သဟဇာတ ဝိပ္ပယုတ္တ

ပေါင်း (၄) ပစ္စည်းဖြစ်ပါသည်။

(ဆောင်) - ညာ၊ ပါ၊ သံ၊ ဝိပ် ဤလေးစိပ် မှတ်လေ အလတ်သာ။

## သဟဇာတအငယ် (၇)ပစ္စည်း

၁။ ဟေတု

၂။ သဟဇာတာဓိပတိ

၃။ သဟဇာတကမ္မ

၄။ သဟဇာတာဟာရ

၅။ သဟဇာတိန္ဒြိယ

၆။ ဈာန

၇။ မဂ္ဂ ---- ပေါင်း (၇) ပစ္စည်းဖြစ်ပါသည်။

(ဆောင်) - ဟေ၊ ဓိ၊ ကံ၊ ဟာ၊ ဣန္ဒြေ၊ မဂ်၊ ဈာ၊ မှတ်ပါ အငယ်သာ။

## အာရမ္မဏမျိုး (၈) မျိုး ပစ္စည်းသရုပ်

၁။ အာရမ္မဏ

၂။ အာရမ္မဏာဓိပတိ

၃။ ဝတ္ထာရမ္မဏပုရေဇာတနိဿယ

၄။ အာရမ္မဏူပနိဿယ

၅။ အာရမ္မဏပုရေဇာတ

၆။ ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ္တ

၇။ အာရမ္မဏပုရေဇာတတ္ထိ

၈။ အာရမ္မဏပုရေဇာတအဝိဂတ -

ပေါင်း (၈) ပစ္စည်းဖြစ်ပါသည်။

* အာရမ္မဏ ပုရေဇာတာ ဓိပတိ

* ဝတ္ထာရမ္မဏ ပုရေဇာတာ ဓိပတိ

(*) အမှတ်ပြ ပစ္စည်းတို့ကို သဘာဂ၊ ယဋ္ဌနာထုတ်ရာ၌ သုံးသည်။

(ဆောင်) - အာ၊ ဓိ၊ နိ၊ နိသ်၊ ပု၊ ဝိတ်၊ ထိ၊ ဂတ

ဤရှစ်ဝ မှတ်ကြ အာရမ္မဏမျိုး။

http://www.dhammadownload.com

## အနန္တရမျိုး (၇) ပစ္စည်းသရုပ်ပြ

၁။ အနန္တရ ၂။ သမနန္တရ ၃။ အနန္တရူပနိဿယ
၄။ အာသေဝန ၅။ အနန္တရကမ္မ ၆။ နတ္ထိ
၇။ ဝိဂတ - - - ပေါင်း (၇) ပစ္စည်းဖြစ်ပါသည်။

(ဆောင်) - အ၊ သ၊ နိ၊ အာ၊ ကံ၊ န၊ ဝိဂတေ

ဤခုနှစ်ထွေ မှတ်လေ အနန္တရမျိုး။

## ဝတ္ထုပုရေဇာတမျိုး (၆) ပစ္စည်းသရုပ်

၁။ ဝတ္ထုပုရေဇာတနိဿယ ၂။ ဝတ္ထုပုရေဇာတ
၃။ ဝတ္ထုပုရေဇာတိန္ဒြိယ ၄။ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ
၅။ ဝတ္ထုပုရေဇာတတ္ထိ ၆။ ဝတ္ထုပုရေဇာတအဝိဂတ

ပေါင်း (၆) ပစ္စည်းဖြစ်ပါသည်။

(ဆောင်) - နိ၊ ပု၊ ဣ၊ ဝိ၊ အတ္ထိ၊ အဝိဂတေ၊ ဤခြောက်ထွေ၊ ပုရေဇာတမျိုး။

## ပစ္ဆာဇာတမျိုး (၄) ပစ္စည်းသရုပ်

၁။ ပစ္ဆာဇာတ ၂။ ပစ္ဆာဇာတဝိပ္ပယုတ္တ
၃။ ပစ္ဆာဇာတတ္ထိ ၄။ ပစ္ဆာဇာတအဝိဂတ

ပေါင်း (၄) ပစ္စည်းဖြစ်ပါသည်။

(ဆောင်) - ပစ္ဆာ၊ ဝိ၊ ထိ၊ ဂတ၊ ဤလေးဝ၊ မှတ်ပါ ပစ္ဆာဇာတမျိုး။

## ရူပအာဟာရမျိုး (၃) ပစ္စည်းသရုပ်

၁။ ရူပအာဟာရ ၂။ ရူပအာဟာရတ္ထိ
၃။ ရူပအာဟာရအဝိဂတ - - - ပေါင်း (၃) ပစ္စည်းဖြစ်ပါသည်။

(ဆောင်) - အာဟာ၊ အတ္ထိ၊ အဝိဂတ ဤသုံးဝ မှတ်ပါ ရူပအာဟာရမျိုး။

http://www.dhammadownload.com

## ရူပဇီဝိတိန္ဒြိယမျိုး (၃) ပစ္စည်းသရုပ်

၁။ ရူပဇီဝိတိန္ဒြိယ ၂။ ရူပဇီဝိတိန္ဒြိယတ္ထိ

၃။ ရူပဇီဝိတိန္ဒြိယအဝိဂတ - - - ပေါင်း (၃) ပစ္စည်းဖြစ်ပါသည်။

(ဆောင်) - ဣန္ဒြိ၊ အတ္ထိ၊ အဝိဂတ၊ ဤသုံး၀၊ မှတ်ပါ ရူပဇီဝိတိန္ဒြိယမျိုး။

## ပကတူပမျိုး (၂) ပစ္စည်းသရုပ်

၁။ ပကတူပနိဿယ ၂။ ပကတူပ (ဗလဝနာနာက္ခဏိက)ကမ္မ

ပေါင်း (၂) ပစ္စည်းဖြစ်ပါသည်။

## နာနာက္ခဏိကကမ္မမျိုး (၁) ပစ္စည်းသရုပ်

၁။ ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မ ဖြစ်ပါသည်။

## သဟဇာတ ဝတ္ထုပုရေဇာတ မိဿကရသော ပစ္စည်း (၃) ပစ္စည်းသရုပ်

၁။ နိဿယ ၂။ အတ္ထိ ၃။ အဝိဂတ

ပေါင်း (၃) ပစ္စည်းဖြစ်ပါသည်။

## ပစ္ဆာဇာတ အာဟာရ မိဿကရသော ပစ္စည်း (၂) ပစ္စည်းသရုပ်

၁။ အတ္ထိ ၂။ အဝိဂတ - - - ပေါင်း (၂) ပစ္စည်းဖြစ်ပါသည်။

## ပစ္ဆာဇာတ ရူပဇီဝိတိန္ဒြိယ မိဿကရသော ပစ္စည်း (၂) ပစ္စည်းသရုပ်

၁။ အတ္ထိ ၂။ အဝိဂတ - - - ပေါင်း (၂) ပစ္စည်းဖြစ်ပါသည်။

(ဆောင်) - အဖိုးမသိ၊ မဝယ်ရာ၊ အမျိုးမသိ၊ မကျယ်ရာ၊

အဖိုးမသိ၊ မကိုင်ရာ၊ အမျိုးမသိ၊ မပြိုင်ရာ။

ဤကား ပဋ္ဌာန်းပစ္စည်း၊ နိဿယဉ်းတည်း။ ။

http://www.dhammadownload.com

အဘိဓမ္မပိဋက

ဓမ္မာနုလောမ

# တိကပဋ္ဌာနပါဠိ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁ - ပစ္စယုဒ္ဒေသ

ဟေတုပစ္စယော ၊ အာရမ္မဏပစ္စယော ၊ အဓိပတိပစ္စယော ၊ အနန္တရပစ္စယော ၊ သမနန္တရပစ္စယော ၊ သဟဇာတပစ္စယော ၊ အညမညပစ္စယော ၊ နိဿယပစ္စယော ၊ ဥပနိဿယပစ္စယော ၊ ပုရေဇာတပစ္စယော ၊ ပစ္ဆာဇာတပစ္စယော ၊ အာသေဝနပစ္စယော ၊ ကမ္မပစ္စယော ၊ ဝိပါကပစ္စယော ၊ အာဟာရပစ္စယော ၊ ဣန္ဒြိယပစ္စယော ၊ ဈာနပစ္စယော ၊ မဂ္ဂပစ္စယော ၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော ၊ အတ္ထိပစ္စယော ၊ နတ္ထိပစ္စယော ၊ ဝိဂတပစ္စယော ၊ အဝိဂတပစ္စယောတိ ။ ။

ပစ္စယုဒ္ဒေသော ။

## ၂ - ပစ္စယနိဒ္ဒေသ

၁။ ဟေတုပစ္စယောတိ - ဟေတူ ဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံ တံ - သမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

http://www.dhammadownload.com

http://www.dhammadownload.com

# ပဋ္ဌာန်းအရကောက်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ပစ္စယနိဒ္ဒေသ

### ဟေတုပစ္စည်း

ပစ္စယုဒ္ဒေသကို ဟောတော်မူသည်၏အခြားမဲ့၌ ပစ္စယနိဒ္ဒေသကို ဟောတော်မူ၏။ ထိုပစ္စယ နိဒ္ဒေသ၌ တုံသော်လည်း ဟေတုပစ္စည်း၏ ပစ္စယနိဒ္ဒေသ, အာရမ္မဏပစ္စည်း၏ ပစ္စယနိဒ္ဒေသ, အစရှိသောအားဖြင့် နှစ်ဆယ့်လေးပါးအပြားရှိ၏။ ထိုနှစ်ဆယ့်လေးပါးတို့တွင် ဟေတုပစ္စည်း၏ပစ္စ နိဒ္ဒေသကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုဟေတုပစ္စည်း၏ ပစ္စယနိဒ္ဒေသ၌တုံသော်လည်း နိဒ္ဒိသိတဗ္ဗ, နိဒဿနာကာရအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် နိဒ္ဒိသိတဗ္ဗကို ရှေးဦးစွာ ဟောတော်မူ၏။ ဟောဟန်ကား "ဟေတုပစ္စယောတိ"ဟူသည်တည်း။ ထို့နောင် နိဒဿနာကာရကို ဟောတော်မူ၏။ ဟောဟန်ကား "ဟေတူဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော"ဟူသည်တည်း။

ပစ္စယုဒ္ဒေသေ၊ ပစ္စည်းတို့ကို အကျဉ်းပြရာ၌။ ယော-ယာဒိသော၊ အကြင်သို့သဘောရှိသော။ ပစ္စယော၊ ပစ္စည်းကို။ ဟေတုပစ္စယောတိ၊ ဟေတုပစ္စယောဟူ၍။ ဘဂဝတာ၊ သည်။ ဥဒ္ဒိဋ္ဌော၊ အကျဉ်းပြတော်မူအပ်ပြီ။ သော-တာဒိသော၊ ထိုသို့သဘောရှိသော၊ ပစ္စယော။ ကို။ ပစ္စယနိဒ္ဒေသေ၊ ပစ္စည်းတို့ကို မကျဉ်းမကျယ်ပြရာ၌ "ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယောတိ၊ ဟေတူ။ ပ။ ပစ္စယော"ဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ နိဒ္ဒိဋ္ဌော၊ မကျဉ်းမကျယ် ပြတော်မူအပ်ပြီ။ ဟေတူ၊ ဟိတ်ခြောက်ပါးတို့သည်။ ဟေတုသမ္ပယုတ္တကာနံ၊ ဟိတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ သဟိတ်စိတ် ဧကသတ္တတိ, မောဟမူဒွေး၌ မောဟကြဉ်သော ၀်စေတသိတ် ဒွေပညာသတို့အားရင်း။ တံသမုဋ္ဌာနာနံ၊ ထို ဟိတ်,ဟိတ်နှင့်ယှဉ်သောစိတ်, စေတသိတ် လျှင် ဖြစ်ကြောင်းရှိကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားရင်း။ ဟေတုပစ္စယေန၊ ဟေတုပစ္စယသတ္တိဖြင့်။ ပစ္စယော-ဥပကာရကော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ၏။

http://www.dhammadownload.com



ထိုပါဌ်တို့တွင် "ဟေတုပစ္စယော"ဟူသော ပါဌ်ဖြင့် နိဒ္ဒိသိတဗ္ဗဓမ္မကို ပြတော်မူ၏။ "ဟေတူ ဟေတုသမ္ပယုတ္တကာနံ။ ပ။ ပစ္စယော"ဟူသော ပါဌ်ဖြင့် နိဒ္ဒေသ-နာကာရကိုပြတော်မူ၏။ ။ ထိုနိဒ္ဒေသနာကာရပါဌ်တို့တွင် "ဟေတူ"ဟူသော

## ပစ္စယနိဒ္ဒေသ

### (၁) "ဟေတုပစ္စည်းအရကောက်"

ဟေတူ - ဟူသော ကတ္တားပါဌ်ဖြင့် ▪ ဟိတ်ခြောက်ပါးပစ္စည်းတရားကို ပြတော်မူ၏။

ဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံတံသမုဋ္ဌာနာနဉ္စရူပါနံ - ဟူသော သမ္ပဒါန်ပါဌ်ဖြင့် ▪ သဟိတ် စိတ်စေတသိက်, မောဟမူဒွေး၌ မောဟကြဉ်သော - စေတသိက် ဒွေပညာသ၊ သဟိတ် စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ်, ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

ဟေတုပစ္စယေန ▪ ဟူသောကရိုဏ်းပါဌ်ဖြင့် ▪

တပြိုင်နက်ယှဉ်ထာရဟာတပ်ကောင်းသော ▪ ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤတဆယ့်နှစ်ပစ္စယ သတ္တိတို့တွင် ဟေတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

ဟေတုပစ္စည်းပြီး။

❖ ❖ ❖ ❖ ❖

၂။ အာရမ္မဏပစ္စယောတိ - ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ-သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။ သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေနပစ္စယော။ ။ ဂန္ဓာယတနံဃာနဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။ ။ ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။ ။ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။ ။ ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စဓမ္မာနံ အာရမ္မဏ ပစ္စယေနပစ္စယော။ ။ သဗ္ဗေ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ယံယံဓမ္မံအာရဗ္ဘ ယေယေဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တ စေတသိကာ ဓမ္မာ၊

တေတေဓမ္မာ တေသံ တေသံ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။

http://www.dhammadownload.com



## ၂။ အာရမ္မဏပစ္စည်း အရကောက်

ရူပါယတနံ" ဟူသောကတ္တားပါဠ်ဖြင့် = ပစ္စုပ္ပန် ရူပါရုံပစ္စည်းတရားကို ပြတော်မူ၏။
စက္ခု ဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ = ဟူသော သမ္ပဒါန်ပါဠ်ဖြင့် = စက္ခုဝိညာဉ် ဒွေး၊ သဗ္ဗစိတ္တသာဓာရဏစေတသိတ် ခုနစ်ခု ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။
အာရမ္မဏပစ္စယေန"ဟူသော ကရိုဏ်းပါဠ်ဖြင့် = တပြိုင်နက်တပ်ကောင်းသော အာရမ္မဏ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ၊ ဤလေးပစ္စယသတ္တိတို့တွင် အာရမ္မဏသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။ (သဒ္ဒါယတနံ - စသည် နည်းတူဆိုပါလေ)

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ - ဖောဋ္ဌဗ္ဗာယတနံ = ဟူသောကတ္တားပါဠ်ဖြင့် ပစ္စုပ္ပန် ပဥ္စာရုံ ပစ္စည်းတရားကို ပြတော်မူ၏။
မနောဓာတုယာ တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ = ဟူသောသမ္ပဒါန်ပါဠ်ဖြင့်
မနောဓာတ်သုံးခု၊ ဆန္ဒ၊ ပီတိ၊ ဝီရိယကြဉ်သော အညသမာန်းစေတသိတ်တဆယ်၊ ပစ္စယုပ္ပန် တရားကို ပြတော်မူ၏။
အာရမ္မဏပစ္စယေန" = ဟူသော ကရိုဏ်းပါဠ်ဖြင့် = တပြိုင်နက် တပ်ကောင်းသော အာရမ္မဏ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ ဤလေးပစ္စယသတ္တိတို့တွင်။ပ။ ၏။

"သဗ္ဗေဓမ္မာ" = ဟူသော ကတ္တားပါဠ်ဖြင့် စိတ်တခုယုတ်ကိုးဆယ်၊ စေတသိတ် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်၊ ပညတ်၊ ဟုဆိုအပ်သော အာရုံခြောက်ပါး၊ ပစ္စည်းတရားကိုပြတော်မူ၏။
မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ = ဟူသော သမ္ပဒါန်ပါဠ်ဖြင့် မနောဝိညာဏဓာတ် ခုနစ်ဆယ့်ခြောက်ခု၊ စေတသိတ် ဒွေပညာသ၊ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။
အာရမ္မဏပစ္စယေန = ဟူသော ကရိုဏ်းပါဠ်ဖြင့် = တပြိုင်နက် ယထာရဟ တပ်ကောင်းသော။ အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤရှစ်ပစ္စယ သတ္တိတို့တွင် အာရမ္မဏ သတ္တိဟုဆိုအပ်သောသတ္တိ ဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။
"ယံယံဓမ္မံ" = ဟူသောပါဠ်ဖြင့် = အနိယမအားဖြင့် အာရုံခြောက်ပါး - ပစ္စည်းတရားကို ပြတော်မူ၏။

http://www.dhammadownload.com



"ယေယေဓမ္မာ" ≈ ဟူသောပါဌ်ဖြင့် ≈ အနိယမအားဖြင့် အာရမ္မဏကို ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

"စိတ္တစေတသိကာဓမ္မာ"ဟူသောပါဌ်ဖြင့် ≈ အာရမ္မဏကို ပစ္စယုပ္ပန် နာမက္ခန္ဓာသရုပ်ကို ပြတော်မူ၏။

"တေတေဓမ္မာ" ≈ ဟူသော ကတ္တားပါဌ်ဖြင့် ≈ နိယမအားဖြင့် "ယံယံဓမ္မံ"ဟူသောပါဌ်ဖြင့် မှတ်အပ်ပြီးသော အာရုံခြောက်ပါးပစ္စည်းတရားကို ပြတော်မူ၏။

"တေသံတေသံဓမ္မာနံ" ≈ ဟူသောသမ္ပဒါန်ပါဌ်ဖြင့် ≈ နိယမအားဖြင့် "ယေယေဓမ္မာ" ဟူသောပါဌ်ဖြင့် မှတ်အပ်ပြီးသော အာရမ္မဏကို ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

အာရမ္မဏပစ္စယေန ≈ ဟူသော ကရိုဏ်းပါဌ်ဖြင့် ≈ တပြိုင်နက် ယထာရဟတပ်ကောင်းသော။ အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤရှစ်ပစ္စယ။ပ။ ၏။

အာရမ္မဏပစ္စည်းပြီး။

❖ ❖ ❖ ❖ ❖

၃။ အဓိပတိပစ္စယောတိ' - ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိ ပစ္စယေန ပစ္စယော။ ။ ဝီရိယာဓိပတိ ဝီရိယ-သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။ ။ စိတ္တာဓိပတိ စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိ-ပစ္စယေန ပစ္စယော၊ ဝီမံသာဓိပတိ ဝီမံသသမ္ပယုတ္တ ကာနံ ဓမ္မာနံ တံသမုဋ္ဌာ-နာနဉ္စ ရူပါနံ အဓိပတိ ပစ္စယေန ပစ္စယော။

ယံယံဓမ္မံ ဂရုံ ကတွာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အဓိပတိပစ္စယေန ပစ္စယော။

## ၃။ အဓိပတိပစ္စည်း ≈ အရကောက်

## "ဆန္ဒာဓိပတိ"

"ဆန္ဒာဓိပတိ"ဟူသောကတ္တားပါဌ်ဖြင့်≈သာဓိပတိဇော-ငါးဆယ့်နှစ်ခု၌ရှိသောဆန္ဒာဓိပတိပစ္စည်းတရား။ ဆန္ဒသမ္ပယုတ္တကာနံဓမ္မာနံ တံသမုဋ္ဌာနာနဉ္စရူပါနံ ≈ ဟူသော သမ္ပဒါန်ပါဌ်ဖြင့် ≈ သာဓိပတိဇော - ငါးဆယ့်နှစ်ခု၊ ဆန္ဒ, ဝိစိကိစ္ဆာ - ကြဉ်သော စေတသိတ် ပညာသ၊ သာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန် တရား။

http://www.dhammadownload.com



အဓိပတိပစ္စယေန ◦ ဟူသော ကရိုဏ်းပါဠ်ဖြင့် ◦ တပြိုင်နက် ယထာရဟတပ်ကောင်းသော အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤကိုးပစ္စယသတ္တိတို့တွင် ။ ပ။ ၏။

## "ဝီရိယာဓိပတိ"

ဝီရိယာဓိပတိ" ◦ ဟူသော ကတ္တားပါဠ်ဖြင့် ◦ ဝီရိယာဓိပတိပစ္စည်းဘရားကိုပြတော်မူ၏။

ဝီရိယ သမ္ပယုတ္တကာနံ့ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စရူပါနံ ◦ ဟူသောသမ္ပဒါန်ပါဠ်ဖြင့် ◦ သာဓိပတိဇော - ၅၂ ခု၊ ဝီရိယ၊ ဝိစိကိစ္ဆာ ကြဉ်သော စေတသိတ်-၅၀၊ သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရား။

အဓိပတိပစ္စယေန ◦ ဟူသောကရိုဏ်းပါဠ်ဖြင့် ◦ တပြိုင်နက် ယထာရဟတပ်ကောင်းသော အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤ-၁၁-ပစ္စယ သတ္တိတို့တွင်။ ပ။ ၏။

## "စိတ္တာဓိပတိ"

စိတ္တာဓိပတိ" ◦ ဟူသောကတ္တားပါဠ်ဖြင့် ◦ သာဓိပတိဇော -၅၂-ခုဟုဆိုအပ်သော စိတ္တာဓိပတိ ◦ ပစ္စည်းတရား၊

စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ◦ ဟူသော သမ္ပဒါန်ပါဠ်ဖြင့် ◦ ဝိစိကိစ္ဆာ ကြဉ်သော စေတသိတ် - ၎ေပညာသ-၊ သာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား။

အဓိပတိပစ္စယေန" ဟူသော ကရိုဏ်းပါဠ်ဖြင့် ◦ တပြိုင်နက် ယထာရဟတပ်ကောင်းသော။ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤ ၁၁-ပစ္စယ သတ္တိတို့တွင်။ ပ။ ၏။

http://www.dhammadownload.com



## "ဝီမံသာဓိပတိ"

ဝီမံသာဓိပတိ" ။ ဟူသော ကတ္တားပါဌ်ဖြင့် ။ ဝီမံသာဓိပတိ ပစ္စည်းတရား။

ဝီမံသသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ။ ဟူသော သမ္ပဒါန်ပါဌ်ဖြင့် သာဓိပတိ တိဟိတ်ဇော - ၃၄ ခု၊ ဝီမံသကြဉ်သော စေတသိတ် သတ္တတိံသ၊ သာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား။

အဓိပတိပစ္စယေန" ။ ဟူသော ကရိုဏ်းပါဌ်ဖြင့် တပြိုင်နက် ယထာရဟတပ်ကောင်းသော အဓိပတိ၊ ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤ- ၁၂- ပစ္စယသတ္တိတို့ဖြင့်။ ပ။ ၏။

## "အာရမ္မဏာဓိပတိ"

"ယံယံဓမ္မံ" ။ ဟူသောပါဌ်ဖြင့် ။ အနိယမအားဖြင့် အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ၊ ဒေါသမူဒွေး၊ မောဟမူဒွေး၊ ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သော စိတ်-၈၄ ခု၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ ကြဉ်သောစေတသိတ် -၄၇ ခု၊ နိဗ္ဗာန်ဟုဆိုအပ်သော အာရမ္မဏာဓိပတိ ပစ္စည်းတရား။

"ယေယေဓမ္မာ" ဟူသောပါဌ်ဖြင့် ။ အနိယမအားဖြင့် အလေးအမြတ် ပြုတတ်သော လောဘမူ ၈-ခု၊ မဟာကုသိုလ်-၈၊ မဟာကြိယာဉာဏသမ္ပယုတ် -၄ ခု၊ လောကုတ္တရာစိတ် ၈-ခု၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ အပ္ပမညာ -ကြဉ်သော စေတသိတ်-၄၅-ခု၊ ပစ္စယုပ္ပန်တရား။

စိတ္တစေတသိကာဓမ္မာ" ။ ဟူသောပါဌ်ဖြင့် ။

အလေးအမြတ်ပြုတတ်သော အာရမ္မဏိက ပစ္စယုပ္ပန် နာမက္ခန္ဓာသရုပ်ကို ပြတော်မူ၏။

"တေတေဓမ္မာ" ။ ဟူသော ကတ္တားပါဌ်ဖြင့် ။

နိယမအားဖြင့် ယံယံဓမ္မံ-ဟူသောပါဌ်ဖြင့် မှတ်အပ်ပြီးသော အလေးအမြတ်ပြုအပ်သော အာရုံ ၆-ပါး၊ ပစ္စည်းတရား၊

"တေသံတေသံ ဓမ္မာနံ" ဟူသော သမ္ပဒါန်ပါဌ်ဖြင့် ။

နိယမအားဖြင့် ယေယေဓမ္မာ - ဟူသောပါဌ်ဖြင့်မှတ်အပ်ပြီးသော အာရမ္မဏိက ပစ္စယုပ္ပန်တရား။

http://www.dhammadownload.com



"အဓိပတိပစ္စယေန"ဟူသော ကရိုဏ်းပါဠိဖြင့် ▪ တပြိုင်နက်ယထာရဟာတပ်ကောင်းသော ▪ အဓိပတိ၊ အာရမ္မဏ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤ ၈-ပစ္စယသတ္တိတို့တွင်။ ပ။ ၏။

အဓိပတိပစ္စည်းပြီး၏။

❖ ❖ ❖ ❖ ❖

၄။ အနန္တရပစ္စယောတိ -စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ ။ မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

သောတဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ ။ မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စ ယေန ပစ္စယော။

ဃာနဝိညာဏ ဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ ။ မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ အနန္တရပစ္စ ယေန ပစ္စယော။

ဇိဝှါဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စ ယေန ပစ္စယော။ ။ မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စ ယေန ပစ္စယော။

ကာယဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စ ယေန ပစ္စယော။ ။ မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စ ယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ ။ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

http://www.dhammadownload.com



ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ ။ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ ။ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ယေသံ ယေသံ ဓမ္မာနံ အနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာဓမ္မာ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

## ၄။ အနန္တရပစ္စည်းအရကောက်

စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာစဓမ္မာ = ဟူသော ကတ္တားပါဌ်ဖြင့်

စက္ခုဝိညာဉ် ဒွေး၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် -၇-ခု ပစ္စည်းတရား။

မနောဓာတုယာ တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ - ဟူသောသမ္ပဒါန်ဖြင့်

သမ္ပဋိစ္ဆိုင်းဒွေးဟု ဆိုအပ်သော မနောဓာတ်၊ (ဆန္ဒ၊ ပီတိ၊ ဝီရိယ)ကြဉ်သော

အညသမာန်းစေတသိက် တဆယ် ပစ္စယုပ္ပန်တရား

အနန္တရပစ္စယေန = ဟူသော ကရိုဏ်းပါဌ်ဖြင့် = တပြိုင်နက်တပ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ ဤ -၅-ပစ္စယ။ ပ။ ၈၁။

မနောဓာတု တံသမ္ပယုတ္တကာစဓမ္မာ" ဟူသော ကတ္တားပါဌ်ဖြင့် =

သမ္ပဋိစ္ဆိုင်းဒွေးဟုဆိုအပ်သော မနောဓာတ်၊ (ဆန္ဒ၊ ပီတိ၊ ဝီရိယ) ကြဉ်သောအညသမာန်းစေသသိက် -၁၀-ပစ္စည်းတရား။

မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ"ဟူသော သမ္ပဒါန်ပါဌ်ဖြင့်

သန္တီရဏသုံးခုဟုဆိုအပ်သော မနောဝိညာဏဓာတ်၊ ဆန္ဒ၊ ဝီရိယ၊ ကြဉ်သော အညသမာန်းစေတသိက်- ၁၁-ခု၊ ပစ္စယုပ္ပန်တရား။

http://www.dhammadownload.com



အနန္တရပစ္စယေန ॥ ဟူသော ကရိုဏ်းပါဠ်ဖြင့်
တပြိုင်နက်တပ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ ဤ ၅-ပစ္စယ။ ပ။ ၈။

## "ကုသလပဒ"

"ပုရိမာ ပုရိမာ ကုသလာဓမ္မာ" ॥ ဟူသော ကတ္တားပါဠ်ဖြင့် ॥
အဆုံးဇောကြဉ်သော ရှေးရှေးသောလောကီကုသိုလ် သတ္တရသ - ပစ္စည်းတရား။
ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ" ဟူသော သမ္ပဒါန်ပါဠ်ဖြင့်
ပဌမဇောကြဉ်သော နောက်နောက်သော ကုသိုလ်ဇောစေတသိက်၊ ပစ္စယုပ္ပန်တရား။
အနန္တရပစ္စယေန ॥ ဟူသောကရိုဏ်းပါဠ်ဖြင့် ॥
တပြိုင်နက် တပ်ကောင်းသော။ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ ဤ ၆-ပစ္စယ သတ္တိ။ ပ။ ၈။

ကု ॥ ဗျာ ॥ ၌ ॥

ပုရိမာ ပုရိမာ ကုသလာဓမ္မာ"ဟူသော ကတ္တားပါဠ်ဖြင့် ॥
လောကီကုသိုလ် - ၁၇၊ အဆုံးဇော, မဂ်လေးခု၊ ပစ္စည်းတရား။
ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ" ဟူသော သမ္ပဒါန်ပါဠ်ဖြင့် ॥
သန္တီရဏ -၃-ခု၊ မဟာဝိပါက် -၈-ခု၊ မဟဂ္ဂုတ်ဝိပါက် -၉-ခု၊ ဖိုလ် -၄-ခု၊ ပစ္စယုပ္ပန်တရား။
အနန္တရပစ္စယေန"ဟူသော ကရိုဏ်းပါဠ်ဖြင့် ॥
တပြိုင်နက်တပ်ကောင်းသော အနန္တရသမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ ဤ ၅-ပစ္စယ သတ္တိ။ပ။၈။

## "အကုသလပဒ"

ပုရိမာ ပုရိမာ အကုသလာဓမ္မာ" ॥ ဟူသော ကတ္တားပါဠ်ဖြင့်
အဆုံးဇောကြဉ်သော - အကုသိုလ်ဒွါဒသ - ပစ္စည်းတရား။
ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ" ဟူသော သမ္ပဒါန်ပါဠ်ဖြင့် ॥
ပဌမဇောကြဉ်သော နောက်နောက်သော အကုသိုလ် -၁၂ - ပစ္စယုပ္ပန်တရား။

http://www.dhammadownload.com



အနန္တရပစ္စယေန ။ ဟူသောကရိုဏ်းပါဌ်ဖြင့် - တပြိုင်နက် တပ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ ဤ ၆-ပစ္စယ။ ပ။ ၏။

"အကုဗျာဒ္ဒ ။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ။ ဟူသော ကတ္တားပါဌ်ဖြင့် ။

အကုသိုလ် - ၁၂-၊ အဆုံးဇော ပစ္စည်းတရား။

ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ" ဟူသော သမ္ပဒါန်ပါဌ်ဖြင့်

သန္တီရဏ -၃-ခု၊ မဟာဝိပါက် -၈-ခု၊ မဟဂ္ဂုတ်ဝိပါက် -၉-ခု ပစ္စယုပ္ပန်တရား။

အနန္တရပစ္စယေန" ။ ဟူသော ကရိုဏ်းပါဌ်ဖြင့် ။

တပြိုင်နက် တပ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ ဤ ၅-ပစ္စယ။ ပ။ ၏။

"အဗျာကတပဒ"

ဗျာ-ဗျာ-ဒ္ဒ ။

ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ" ဟူသော ကတ္တားပါဌ်ဖြင့် ။

ရဟန္တာတို့ စုတိကြည်သော ရှေးရှေးသော ဝိပါက် ၃၆၊ ကြိယာ -၂၀- ပစ္စည်းတရား။

ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ" ဟူသော သမ္ပဒါန်ပါဌ်ဖြင့် ။

ရဟန္တာတို့ စုတိနှင့်တကွ နောက်နောက်သော ဝိပါက်-၃၆-၊ ကြိယာ-၂၀၊ နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား။

အနန္တရပစ္စယေန" ဟူသောကရိုဏ်းပါဌ်ဖြင့် ။

တပြိုင်နက်တပ်ကောင်းသော။ အနန္တရ၊သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ ဤ ၅-ပစ္စယ သတ္တိ။ပ။၏။ ၏။

ဗျာ-ကု-ဒ္ဒ

ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ"ဟူသော ကတ္တားပါဌ်ဖြင့် ။

ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း ပစ္စည်းတရား။

ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ" ဟူသော သမ္ပဒါန်ပါဌ်ဖြင့် ။

မဟာကုသိုလ်ပဌမဇော ပစ္စယုပ္ပန်တရား

အနန္တရပစ္စယေန" ။ ဟူသော ကရိုဏ်းပါဌ်ဖြင့် ။

တပြိုင်နက် တပ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ ဤ ၅-ပစ္စယ။ ပ။ ၏။

http://www.dhammadownload.com



ဗျာ-အကု-၁

ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ"ဟူသော ကတ္တားပါဌ်ဖြင့် ။

ဝုဒ္ဓော- မနောဒွါရာဝဇ္ဇန်း ပစ္စည်းတရား။

ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ" ဟူသော သမ္ပဒါန်ပါဌ်ဖြင့် ။

အကုသိုလ်-၁၂၊ ပဌမဇော ပစ္စယုပ္ပန်တရား။

အနန္တရပစ္စယေန" ဟူသော ကရိုဏ်းပါဌ်ဖြင့် ။

တပြိုင်နက် တပ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ ဤ ၅-ပစ္စယ။ ပ။ ၏။

"ယေသံ ယေသံ ဓမ္မာနံ"ဟူသောပါဌ်ဖြင့်

အနိယမအားဖြင့် ရဟန္တာတို့ စုတိကြည်သော ရှေးရှေးသော စိတ်-၈၉၊ စေတသိတ်-၅၂၊ ပစ္စည်းတရား။

"ယေယေဓမ္မာ" ဟူသောပါဌ်ဖြင့် -

အနိယမအားဖြင့် ရဟန္တာတို့ စုတိစိတ်နှင့်တကွ နောက်နောက်သောစိတ်-၈၉၊ စေတသိတ် -၅၂၊ ပစ္စယုပ္ပန်တရား။

"စိတ္တစေတသိကာ ဓမ္မာ" ။ ဟူသောပါဌ်ဖြင့်

အနန္တရပစ္စယုပ္ပန် နာမက္ခန္ဓာသရုပ်ကို ပြတော်မူ၏။

တေ တေ ဓမ္မာ" ဟူသော ကတ္တားပါဌ်ဖြင့်

နိယမအားဖြင့် "ယေသံ ယေသံ ဓမ္မာနံ"-ဟူသောပါဌ်ဖြင့် မှတ်အပ်ပြီးသော ရဟန္တာတို့ စုတိကြည်သော ရှေးရှေးသော စိတ်-၈၉၊ စေတသိတ်-၅၂၊ ပစ္စည်းတရား၊

"တေသံ တေသံ ဓမ္မာနံ" ဟူသော သမ္ပဒါန်ပါဌ်ဖြင့် ။

"နိယမအားဖြင့် ယေယေဓမ္မာ" - ဟူသောပါဌ်ဖြင့် မှတ်အပ်ပြီးသော ရဟန္တာတို့ စုတိစိတ်နှင့်တကွ - နောက်နောက်သော စိတ်-၈၉၊ စေတသိတ် -၅၂၊ ပစ္စယုပ္ပန်တရား။

အနန္တရပစ္စယေန"ဟူသော ကရိုဏ်းပါဌ်ဖြင့် ။

တပြိုင်နက် ယထာရဟ တပ်ကောင်းသော ။ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ ကမ္မ၊ နတ္ထိ၊ ဝိဂတ ဤ ၇-ပစ္စယ။ ပ။ ၏။

အနန္တရပစ္စည်းပြီး၏။

❖ ❖ ❖ ❖ ❖

http://www.dhammadownload.com



၅။ သမနန္တရပစ္စယောတိ -စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။ မနောဓာတုတံသမ္ပယုတ္တကာ စဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရ ပစ္စယေန ပစ္စယော

သောတဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။ ။ မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စ ယေန ပစ္စယော။

ဃာနဝိညာဏ ဓာတုတံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။ ။ မနောဓာတု တံသမ္ပယုတ္တကာ စ,ဓမ္မာ မနောဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ သမနန္တရပစ္စ ယေန ပစ္စယော။

ဇိဝှါဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တ ကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။ ။ မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စ ယေန ပစ္စယော။

ကာယဝိညာဏဓာတု တံသမ္ပ ယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။ ။ မနောဓာတု တံသမ္ပ ယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စ ယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ သမနန္တရ ပစ္စယေန ပစ္စယော။ ။ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရ ပစ္စယေန ပစ္စယော။ ။ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရ ပစ္စယေန ပစ္စယော။ ။ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ယေသံ ယေသံ ဓမ္မာနံ သမနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

(သမနန္တရပစ္စည်းသည် - အနန္တရပစ္စည်းနှင့်ပါဠိတော် ⁃ အရကောက် အားလုံးတူ)

သမနန္တရပစ္စည်းပြီး။

❖ ❖ ❖ ❖ ❖

http://www.dhammadownload.com



၆။ သဟဇာတပစ္စယောတိ - စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော။ ။ စတ္တာရော မဟာဘူတာ အညမညံ သဟဇာတပစ္စယေန ပစ္စယော။ ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော။ ။ စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ ။ မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော။ ။ ရူပိနော ဓမ္မာ အရူ ပီနံ ဓမ္မာနံ ကိဉ္စိကာလေ သဟဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေ န သဟ ဇာတပစ္စယေန ပစ္စယော။

## သဟဇာတပစ္စည်း = အရကောက်

"စတ္တာရော ခန္ဓာ အရူပိနော" ဟူသော ကတ္တားပါဌ်ဖြင့် =

သုံးပါး သုံးပါးသော နာမက္ခန္ဓာတို့အား တပ်သော တပါးတပါးသော နာမက္ခန္ဓာ၊ တပါးတပါးသော နာမက္ခန္ဓာအားတပ်သော သုံးပါးသုံးပါးသော နာမက္ခန္ဓာ၊ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာအား တပ်သော - နှစ်ပါး နှစ်ပါးသော နာမက္ခန္ဓာ ပစ္စည်းတရား။

"အညမညံ" - ဟူသော သမ္ပဒါန်ပါဌ်ဖြင့် =

သုံးပါး သုံးပါးသော နာမက္ခန္ဓာ၊ တပါးတပါးသော နာမက္ခန္ဓာ၊ နှစ်ပါး နှစ်ပါးသော နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား။

"သဟဇာတပစ္စယေန" ဟူသော ကရိုဏ်းပါဌ်ဖြင့် =

အချင်းချင်းအားတပ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါးဖြစ်အံ့။

သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ -၆- ပစ္စယသတ္တိ။

(အချင်းချင်းအားတပ်သော အလုံးစုံသော ဝိပါက်ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာလေးပါးဖြစ်အံ့။ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ ၇-ပစ္စယ။ ပ။ ၈။)

"စတ္တာရောမဟာဘူတာ" ဟူသော ကတ္တားပါဌ်ဖြင့် =

သုံးပါး သုံးပါးသော မဟာဘုတ်အား တပ်သော တပါးတပါးသော မဟာဘုတ် တပါးတပါးသော မဟာဘုတ်အား တပ်သော သုံးပါးသုံးပါးသော မဟာဘုတ်၊ နှစ်ပါးနှစ်ပါးသော မဟာဘုတ်အား တပ်သော - နှစ်ပါး နှစ်ပါးသော မဟာဘုတ် ပစ္စည်းတရား။

http://www.dhammadownload.com



"အညမည်" - ဟူသော သမ္ပဒါန်ပါဠ်ဖြင့် -
သုံးပါး သုံးပါးသော မဟာဘုတ်၊ တပါးတပါးသော မဟာဘုတ်၊ နှစ်ပါး နှစ်ပါးသော မဟာဘုတ် ပစ္စယုပ္ပန်တရား။

"သဟဇာတပစ္စယေန" ဟူသော ကရိုဏ်းပါဠ်ဖြင့် -
တပြိုင်နက် တပ်ကောင်းသော ---သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ဤ -၅- ပစ္စယ။ ပ။ ဓါ။

"ဩက္ကန္တိက္ခဏေ နာမ ရူပံ" ဟူသော ကတ္တားပါဠ်ဖြင့် -
ပဋိသန္ဓေ နာမက္ခန္ဓာ, ဟဒယဝတ္ထု ပစ္စည်းတရား။

အညမည်" ဟူသော သမ္ပဒါန်ပါဠ်ဖြင့် -
ပဋိသန္ဓေ နာမက္ခန္ဓာ, ဟဒယဝတ္ထု ပစ္စယုပ္ပန်တရား။

"သဟဇာတပစ္စယေန" ဟူသော ကရိုဏ်းပါဠ်ဖြင့် -
တပြိုင်နက် တပ်ကောင်းသော သဟဇာတ။ အညမည၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤ ၆-ပစ္စယ သတ္တိ။

("ဟဒယဝတ္ထုအားတပ်သော ပဋိသန္ဓေနာမက္ခန္ဓာဖြစ်အံ့။
သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤ-၇-ပစ္စယ။ ပ။ ဓါ။)

"စိတ္တစေတသိကာဓမ္မာ" ဟူသောကတ္တားပါဠ်ဖြင့် -
ပဉ္စဝေါကာရဘုံ၌ အရူပဝိပါက်လေးခု။ ဒွေပဉ္စဝိညာဉ်တဆယ်၊ ရဟန္တာတို့ စုတိကြဉ်သော စိတ်-၇၅-ခု စေတသိတ် -၅၂-ခု ပစ္စည်းတရား။

"စိတ္တသမုဋ္ဌာနာနံ ရူပါနံ"ဟူသော သမ္ပဒါန်ပါဠ်ဖြင့် -
စိတ္တဇရုပ်ပစ္စယုပ္ပန်တရား။

<u>(တနည်းကား)</u> စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရား။

http://www.dhammadownload.com



"သဟဇာတပစ္စယေန" ဟူသော ကရိုဏ်းပါဠိဖြင့် -

စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော - အရူပဝိပါက်လေးခု၊ ဒွေပဉ္စဝိညာဉ်၁၀၊ ရဟန္တာတို့ စုတိကြဉ်သော ပဉ္စဝေါကာရပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာလေးပါးဖြစ်အံ့ - သဟဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ -၅-ပစ္စယ။ ပ။ ၏။

(စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော - အရူပဝိပါက်လေးခု၊ ဒွေပဉ္စဝိညာဉ်၁၀၊ ရဟန္တာတို့ စုတိကြဉ်သော - ပဉ္စဝေါကာရ ဝိပါက်ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာလေးပါးဖြစ်အံ့ - သဟဇာတ၊ နိဿယ၊ ဝိပါက၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ -၆-ပစ္စယ။ ပ။ ၏။)

"မဟာဘူတာ" ဟူသော ကတ္တားပါဠိဖြင့် ။

မဟာဘုတ်လေးပါးပစ္စည်းတရား။

"ဥပါဒါရူပါနံ"ဟူသော သမ္ပဒါန်ပါဠိဖြင့် -

"ဥပါဒါရုပ်ပစ္စယုပ္ပန်တရား"။

"သဟဇာတပစ္စယေန"ဟူသော ကရိုဏ်းပါဠိဖြင့် ။

တပြိုင်နက် တပ်ကောင်းသော - သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ - ဤ-၄-ပစ္စယ။ ပ။ ၏။

"ရူပိနောဓမ္မာ" ဟူသော ကတ္တားပါဠိဖြင့် ။ ဟဒယဝတ္ထု ပစ္စည်းတရား

"အရူပိနံ ဓမ္မာနံ"ဟူသော သမ္ပဒါန်ပါဠိဖြင့် ။

ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား။

"ကိဉ္စိကာလေသဟဇာတပစ္စယေန" ဟူသော ကရိုဏ်းပါဠိဖြင့်

ပဋိသန္ဓေကာလ၌ သဟဇာတသတ္တိဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏

"ကိဉ္စိကာလေနသဟဇာတပစ္စယေန" ဟူသော ကရိုဏ်းပါဠိဖြင့် ။

ပဝတ္တိကာလ၌ သဟဇာတသတ္တိဖြင့် ကျေးဇူးမပြုဟန်ကို ပြတော်မူ၏။

သဟဇာတပစ္စည်းပြီး။

❖ ❖ ❖ ❖ ❖

http://www.dhammadownload.com



၇။ အညမညပစ္စယောတိ - စတ္တာရော ခန္ဓာ အရူပိနော အညမညသဟဇာတပစ္စယေန ပစ္စယော။ ။ စတ္တာရော မဟာဘူတာ အညမညပစ္စယေန ပစ္စယော။ ဩက္ကန္တိက္ခဏေ နာမရူပံ အညမညပစ္စယေန ပစ္စယော။

## အညမညပစ္စည်း ‌= အရကောက်

(အညမညပစ္စည်းအရကောက်သည် ‌= သဟဇာတပစ္စည်းအရကောက်နှင့်တူသည်)

**အညမညပစ္စည်းပြီး။**

❖ ❖ ❖ ❖ ❖

၈။ နိဿယပစ္စယောတိ - စတ္တာရော ခန္ဓာ အရူပိနော အညမညံ နိဿယ-ပစ္စယေန ပစ္စယော။ ။ စတ္တာရော မဟာဘူတာ အညမညံ နိဿယပစ္စယေန ပစ္စယော။ ။ ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ နိဿယပစ္စယေန ပစ္စယော။ စိတ္တ စေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ နိဿယပစ္စယေန ပစ္စယော။ ။ မဟာဘူတာ ဥပါဒါရူပါနံ နိဿယ ပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယ-ပစ္စယေန ပစ္စယော။ ။ သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာ နဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။ ။ ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တ ကာ နဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။ ။ ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။ ။ ကာယာယတနံ ကာယဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စ ယေန ပစ္စယော။ ။ ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ,ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏ ဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

http://www.dhammadownload.com



## (၈) နိဿယပစ္စည်း - အရကောက်

(သဟဇာတ နိဿယ - ၅ - ချက်သည် သဟဇာတနှင့်တူသည်)

- ဝတ္ထု ပုရေဇာတ နိဿယ -

"စက္ခာယတနံ" ဟူသော ကတ္တားပါဌ်ဖြင့် -

မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထုပစ္စည်းတရား။

"စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စဓမ္မာနံ" ဟူသော သမ္ပဒါန်ပါဌ်ဖြင့်

စက္ခုဝိညာဉ်ဒွေး၊ သဗ္ဗစိတ္တသာဓာရဏစေတသိတ်-၇-ခု ပစ္စယုပ္ပန်တရား။

"နိဿယ ပစ္စယေန" ဟူသော ကရိုဏ်းပါဌ်ဖြင့် --

တပြိုင်နက် တပ်ကောင်းသော။ နိဿယ၊ ပုရေဇာတ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤ ၆ ပစ္စယ။ ပ။ ၏။

("သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ နည်းတူကောက်")

"ယံရူပံ" - ဟူသောပါဌ်ဖြင့်

အနိယမအားဖြင့် ပဋိသန္ဓေ အစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သောဟဒယ ဝတ္ထုပစ္စည်းတရား။

"နိဿာယ မနောဓာတုစ မနောဝိညာဏ ဓာတုစ ဝတ္တန္တိ" ဟူသော ပါဌ်ဖြင့် -

မနောဓာတ်သုံးခု၊ အရူပဝိပါက် ၄-ခု ကြဉ်သော မနောဝိညာဏဓာတ် -၇၂-ခု ပစ္စယုပ္ပန် တရား။

"တံရူပံ"ဟူသော ကတ္တားပါဌ်ဖြင့် -

နိယမအားဖြင့် ယံရူပံ - ဟူသော ပါဌ်ဖြင့် မှတ်အပ်ပြီးသော ပဋိသန္ဓေ အစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရား။

မနောဓာတုယာစ မနောဝိညာဏ ဓာတုယာစ တံသမ္ပယုတ္တကာနဉ္စဓမ္မာနံ - ဟူသော သမ္ပဒါန်ဖြင့် -

မနောဓာတ် - ၃ခု၊ အရူပဝိပါက် -၄-ခု၊ ကြဉ်သော မနောဝိညာဏဓာတ်-၇၂ခု စေတသိတ် ၅၂-ခု၊ ပစ္စယုပ္ပန်တရား။

"နိဿယ ပစ္စယေန" ဟူသော ကရိုဏ်းပါဌ်ဖြင့် ---

တပြိုင်နက် ယထာရဟ တပ်ကောင်းသော နိဿယ၊ အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤ - ၈ - ပစ္စယ။ ပ။ ၏။

နိဿယပစ္စည်းပြီး။

❖ ❖ ❖ ❖ ❖

http://www.dhammadownload.com



၉။ ဥပနိဿယပစ္စယောတိ - ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။ ။ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။ ။ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။ ။ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။ ။ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။ ။ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။ ။ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော

ဥတုဘောဇနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။ ပုဂ္ဂလောပိ ဥပနိဿယ ပစ္စယေန ပစ္စယော။ သေနာသနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။

## (၉) ဥပနိဿယပစ္စည်း - အရကောက်
## "ကုသလော ကုသလဿ"

"အာရမ္မဏူပ နိဿယဖြစ်အံ့"

ပုရိမာ ပုရိမာ ကုသလာဓမ္မာ" ဟူသော ကတ္တားပါဌ်ဖြင့် --

အလေးအမြတ်ပြုတပ်သော မဟာကုသိုလ်ဉာဏဝိပ္ပယုတ် လေးခုအားတပ်သော အလေးအမြတ်ပြုအပ်သော - လောကီကုသိုလ် - သတ္တရသ အလေးအမြတ်ပြုတတ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် လေးခုအားတပ်သော အလေးအမြတ်ပြုအပ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသ-ပစ္စည်းတရား။

"ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ" ဟူသော သမ္ပဒါန်ပါဌ်ဖြင့်

မဟာကုသိုလ် -၈-ခု ပစ္စယုပ္ပန်တရား။

"ဥပနိဿယ ပစ္စယေန" ဟူသော ကရိုဏ်းပါဌ်ဖြင့်

ဥပနိဿယ၊ အာရမ္မဏ၊ အဓိပတိ ဤ ၃-ပစ္စယ။ ပ။ ၈။

http://www.dhammadownload.com



"အနန္တရူပနိဿယဖြစ်အံ့"

"ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ" ဟူသော ကတ္တားပါဠ်ဖြင့်

အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီကုသိုလ်-၁၇။ ပစ္စည်းတရား။

"ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ"ဟူသော သမ္ပဒါန်ပါဠ်ဖြင့်

မဟာကုသိုလ် ဒုတိယာဒိဇော၊ မဟဂ္ဂုတ်ကုသိုလ် -၉-ခု။ မဂ် ၄-ခု၊ ပစ္စယုပ္ပန်တရား။

"ဥပနိဿယ ပစ္စယေန" ဟူသော ကရိုဏ်းပါဠ်ဖြင့်

ဥပနိဿယ၊ အနန္တရ၊ သမနန္တရ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ၊ ဤ ၆-ပစ္စယ။ ပ။ ၏။

"ပကတူပနိဿယဖြစ်အံ့"

"ပုရိမာ ပုရိမာ ကုသလာဓမ္မာ" ဟူသော ကတ္တားပါဠ်ဖြင့်

ဗလဝဖြစ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ် ၓိသ- ပစ္စည်းတရား။

"ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ"ဟူသော သမ္ပဒါန်ပါဠ်ဖြင့်

နောက်နောက်သော ကုသိုလ်-၂၁။ ပစ္စယုပ္ပန်တရား။

"ဥပနိဿယ ပစ္စယေန" ဟူသော ကရိုဏ်းပါဠ်ဖြင့်

ပကတူပ နိဿယ သတ္တိဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

"ကုသလော အကုသလဿ"

"အာရမ္မဏူပနိဿယဖြစ်အံ့"

"ပုရိမာ ပုရိမာ ကုသလာဓမ္မာ" ဟူသော ကတ္တားပါဠ်ဖြင့်

အလေးအမြတ်ပြုတတ်သော လောဘမူ ၈-ခုအား တပ်သော အလေးအမြတ်ပြုအပ်သော

လောကီကုသိုလ် သတ္တရသ - ပစ္စည်းတရား။

"ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ"ဟူသော သမ္ပဒါန်ပါဠ်ဖြင့် -

အလေးအမြတ်ပြုတတ်သော လောဘမူ ၈-ခု ပစ္စယုပ္ပန်တရား။

"ဥပနိဿယ ပစ္စယေန" ဟူသော ကရိုဏ်းပါဠ်ဖြင့် -

ဥပနိဿယ၊ အာရမ္မဏ။ အဓိပတိ။ ဤ -၃- ပစ္စယ။ ပ။ ၏။

http://www.dhammadownload.com



"ပကတူပနိဿယဖြစ်အံ့"

"ပုရိမာ ပုရိမာ ကုသလာဓမ္မာ" ဟူသော ကတ္တားပါဋ်ဖြင့်

ဗလဝဖြစ်သော လောကီကုသိုလ် ၁၇ - ပစ္စည်းတရား။

"ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ"ဟူသော သမ္ပဒါန်ပါဋ်ဖြင့်

နောက်နောက်သော အကုသိုလ် - ၁၂ - ပစ္စယုပ္ပန်တရား။

"ဥပနိဿယ ပစ္စယေန" ဟူသော ကရိုဏ်းပါဋ်ဖြင့်

ပကတူပ နိဿယ သတ္တိဖြင့် ကျေးဇူးပြုပြဟန်ကို ပြတော်မူ၏။

"ကုသလော အဗျာကတဿ"

"အာရမ္မဏူပနိဿယဖြစ်အံ့"

"ပုရိမာ ပုရိမာ ကုသလာဓမ္မာ" ဟူသော ကတ္တားပါဋ်ဖြင့်

အလေးအမြတ်ပြုတတ်သော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ် - ၄ -ခုအားတပ်သော အရဟတ္တမဂ် ပစ္စည်းတရား။

"ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ"ဟူသော သမ္ပဒါန်ပါဋ်ဖြင့် -

အလေးအမြတ်ပြုတတ်သော မဟာကြိယာ ဉာဏသမ္ပယုတ် လေးခု ပစ္စယုပ္ပန်တရား။

"ဥပနိဿယ ပစ္စယေန" ဟူသော ကရိုဏ်းပါဋ်ဖြင့် -

ဥပနိဿယ၊ အာရမ္မဏ။ အဓိပတိ။ ဤ -၃- ပစ္စယ။ ပ။ ၏။

(အနန္တရူပ နိဿယ - ကို အနန္တရအတိုင်းကောက်ပါ။)

"ပကတူပနိဿယဖြစ်အံ့"

"ပုရိမာ ပုရိမာ ကုသလာဓမ္မာ" ဟူသော ကတ္တားပါဋ်ဖြင့်

ဗလဝဖြစ်သော ကုသိုလ် ၂၁ -၊ ပစ္စည်းတရား။

"ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ"ဟူသော သမ္ပဒါန်ပါဋ်ဖြင့်

ဝိပါက် ၃၆။ ကြိယာ - ၂၀၊ ပစ္စယုပ္ပန်တရား။

http://www.dhammadownload.com



"ဥပနိဿယ ပစ္စယေန" ဟူသော ကရိုဏ်းပါဠိဖြင့်

တပြိုင်နက် ယထာရဟတပ်ကောင်းသော ဥပနိဿယ၊ အနန္တရ၊ သမနန္တရ၊ ကမ္မ၊ နတ္ထိ၊ ဝိဂတ - ဤ - ၆ - ပစ္စယ ။ ပ။ ဓါ။

"အကုသလော - အကုသလဿ"

<u>"အာရမ္မဏူပနိဿယဖြစ်အံ့"</u>

ပုရိမာ ပုရိမာ အကုသလာဓမ္မာ" ဟူသော ကတ္တားပါဠိဖြင့်

အလေးအမြတ်ပြုတတ်သော လောဘမူ - ၈ -ခုအား တပ်သော အလေးအမြတ်ပြုအပ်သော လောဘမူ ၈-ခု ပစ္စည်းတရား။

ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ"ဟူသော သမ္ပဒါန်ပါဠိဖြင့် -

အလေးအမြတ်ပြုတတ်သော လောဘမူ - ၈ - ခု ပစ္စယုပ္ပန်တရား။

ဥပနိဿယ ပစ္စယေန" ဟူသော ကရိုဏ်း ပါဠိဖြင့် -

ဥပနိဿယ၊ အာရမ္မဏ။ အဓိပတိ။ ဤ -၃- ပစ္စယ။ ပ။ ဓါ။

(အနန္တ ရူပနိဿယ - ကို အနန္တရအတိုင်းကောက်ပါ။)

<u>"ပကတူပ နိဿယ ဖြစ်အံ့"</u>

"ပုရိမာ ပုရိမာ အကုသလာဓမ္မာ" ဟူသော ကတ္တားပါဠိဖြင့်

ဗလဝဖြစ်သော အကုသိုလ် - ၁၂ -၊ ပစ္စည်းတရား။

ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ"ဟူသော သမ္ပဒါန်ပါဠိဖြင့် -

နောက်နောက်သော အကုသိုလ် - ၁၂။ ပစ္စယုပ္ပန်တရား။

"ဥပနိဿယ ပစ္စယေန" ဟူသော ကရိုဏ်းပါဠိဖြင့်

ပကတူပ နိဿယ သတ္တိဖြင့် ကျေးဇူးပြုမှန်ကို ပြတော်မူ၏။

http://www.dhammadownload.com



"အကုသလော ကုသလဿ"

"ပကတူပနိဿယဖြစ်အံ့"

"ပုရိမာ ပုရိမာ အကုသလာဓမ္မာ" ဟူသော ကတ္တားပါဌ်ဖြင့်

ဗလဝဖြစ်သော အကုသိုလ် - ၁၂ -၊ ပစ္စည်းတရား။

"ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ"ဟူသော သမ္ပဒါန်ပါဌ်ဖြင့်

နောက်နောက်သော ကုသိုလ် - ၂၁ -၊ ပစ္စယုပ္ပန်တရား။

ဥပနိဿယ ပစ္စယေန" ဟူသော ကရိုဏ်းပါဌ်ဖြင့်

ပကတူပနိဿယ သတ္တိဖြင့် ----- ၏။

(အာရမ္မဏူ၊ အနန္တရူ - နှစ်ပါးမဟော)

"အကုသလော အဗျာကတဿ"

(အနန္တရူပနိဿယ - ကို - အနန္တရတိုင်း ဆိုရိုးဆိုပါ)

"ပကတူပ နိဿယ ဖြစ်အံ့"

"ပုရိမာ ပုရိမာ အကုသလာဓမ္မာ" ဟူသော ကတ္တားပါဌ်ဖြင့် -

ဗလဝဖြစ်သော အကုသိုလ် -၁၂ -၊ ပစ္စည်းတရား။

"ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ"ဟူသော သမ္ပဒါန်ပါဌ်ဖြင့် -

နောက်နောက်သော ဝိပါက် -၃၆-၊ ကြိယာ -၂၀- ပစ္စယုပ္ပန်တရား။

"ဥပနိဿယ ပစ္စယေန" ဟူသော ကရိုဏ်းပါဌ်ဖြင့်

တပြိုင်နက် ယထာရဟတပ်ကောင်းသော ဥပနိဿယ၊ ကမ္မ၊ ဤ - ၂ -ပစ္စယ ။ ပ။ ၏။

"အဗျာကတော အဗျာကတဿ"

"အာရမ္မဏူပနိဿယဖြစ်အံ့"

"ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ" ဟူသော ကတ္တားပါဌ်ဖြင့် -

